## ၄။ သဒ္ဒါရှင်းလင်းချက်

### ၁. အဘိဓာန်ပုံစံကြိယာ

ကြိယာ၏အခြေခံပုံစံဖြစ်ပြီးအဘိဓာန်၌ရေးသားဖော်ပြသောပုံစံဖြစ်သည်။ ます မှအဘိဓာန်ပုံစံသို့ တည်ဆောက်ရာတွင် ကြိယာအုပ်စုအပေါ် မူတည်၍အောက်ပါအတိုင်းပုံသဏ္ဍာန်ပြောင်းလဲသည်။ (ပင်မဖတ်စာအုပ်၏သင်ခန်းစာ-၁၈မှလေ့ကျင့်ခန်းA-1ကိုမှီငြမ်းရန်)

၁) ကြိယာအုပ်စု-၁

ます -ပုံစံ၏နောက်ဆုံးအသံမှာ い လိုင်းဖြစ်သော်လည်း၊၎င်းကို う လိုင်း၏အသံသို့ပြောင်းရသည်။

| | | | | | |
|---|---|---|---|---|---|
| かき－ます | → | かく | いそぎ－ます | → | いそぐ |
| よみ－ます | → | よむ | あそび－ます | → | あそぶ |
| とり－ます | → | とる | まち－ます | → | まつ |
| すい－ます | → | すう | はなし－ます | → | はなす |

၂) ကြိယာအုပ်စု-၂

ます -ပုံစံတွင် る ကိုတွဲသည်။ たべ－ます → たべ－る

みーます → みーる

၃) ကြိယာအုပ်စု-၃

します ၏အဘိဓာန်ပုံစံမှာ する ဖြစ်ပြီး၊ きます ၏အဘိဓာန်ပုံစံမှာ くる ဖြစ်သည်။

### ၂. N / V -အဘိဓာန်ပုံစံ こと } が できます

N/V တတ်တယ်/နိုင်တယ်/လို့ရတယ်

できます သည်လူတစ်ဦးတစ်ယောက်၏ပင်ကိုယ်စွမ်းရည်ပေါ် မူတည်၍တစ်စုံတစ်ခုကိုလုပ်ဆောင်နိုင်ခြင်း၊အခြေအနေပေါ် မူတည်၍တစ်စုံတစ်ခုသောလုပ်ဆောင်မှုကိုအကောင်အထည်ဖော်နိုင်ခြင်းတို့ကိုဖော်ပြသောကြိယာဖြစ်သည်။ できます ၏ကံပုဒ်ကို が ဖြင့်ဖော်ပြပြီး၊စွမ်းရည်နှင့်ဖြစ်နိုင်ခြေ(/အကောင်အထည်ဖော်နိုင်ခြေ)၏အကြောင်းအရာကိုနာမ်သို့မဟုတ် အဘိဓာန်ပုံစံကြိယာ၌ こと ပေါင်းထည့်ခြင်းဖြင့်ဖော်ပြသည်။

၁) နာမ်အဖြစ်အသုံးပြုခြင်း

ပြုမူလုပ်ဆောင်မှုအစွမ်းရှိသောနာမ်(うんてん၊ かいもの၊ スキー၊ ダンス)ကိုအသုံးပြုသည်။ တစ်ဖန် にほんご နှင့် ピアノ ကဲ့သို့သောအတတ်ပညာစွမ်းရည်ကိုဖော်ဆောင်သောနာမ်များကိုလည်းအသုံးပြုနိုင်သည်။

① ミラーさんは 日本語(にほんご)が できます。မစ္စတာမီလာ ဂျပန်စာ တတ်ပါတယ်။

② 雪(ゆき)が たくさん 降(ふ)りましたから、ことしは スキーが できます。
နှင်း အများကြီး ကျလို့ ဒီနှစ် စကီး စီးလို့ရပါတယ်။

၂) ကြိယာအဖြစ်အသုံးပြုခြင်း

တစ်စုံတစ်ခုသောလုပ်ဆောင်မှုကိုလုပ်ဆောင်နိုင်ကြောင်းကိုပြောဆိုသောအခါ၊V - အဘိဓာန်ပုံစံတွင် こと ကိုတွဲ၍နာမ်ပုဒ်(noun phrase) အဖြစ်ပြုလုပ်ကာ၊၎င်း၏နောက်တွင် ができます ကိုဆက်သည်။

③ ミラーさんは 漢字(かんじ)を 読(よ)む ことが できます。 မစ္စတာမီလာက ခန်းဂျီး ဖတ်တတ်ပါတယ်။
(漢字を 読む こと = နာမ်ပုဒ်(noun phrase))

④ カードで 払(はら)う ことが できます。 ကတ်နဲ့ငွေချေလို့ ရပါတယ်။
(カードで 払う こと = နာမ်ပုဒ်(noun phrase))





### ၃. わたしの 趣味(しゅみ)は { N / V- အဘိဓာန်ပုံစံ こと } です

ကျွန်တော့်/ကျွန်မရဲ့ဝါသနာက N/V (ခြင်း)ဖြစ်ပါတယ်

⑤ わたしの 趣味(しゅみ)は 音楽(おんがく)です。 ကျွန်တော့်/ကျွန်မရဲ့ ဝါသနာက တေးဂီတ ဖြစ်ပါတယ်။

V-အဘိဓာန်ပုံစံ こと ကိုအသုံးပြုခြင်းအားဖြင့် ဝါသနာ၏အကြောင်းအရာကိုပိုမိုတိကျသေချာစွာဖော်ပြနိုင်သည်။

⑥ わたしの 趣味(しゅみ)は 音楽(おんがく)を 聞(き)く ことです。 ကျွန်တော့်/ကျွန်မရဲ့ ဝါသနာက တေးဂီတကိုနားထောင်ခြင်းဖြစ်ပါတယ်။

### ၄. { $V_1$-အဘိဓာန်ပုံစံ / N の / ပမာဏပြစကားလုံး(ကာလ) } まえに、$V_2$

မ $V_1$/N ခင် $V_2$

၁) ကြိယာအဖြစ်အသုံးပြုခြင်း

$V_1$၏ရှေ့၌$V_2$ဖြစ်ပွားကြောင်းကိုဖော်ပြသည်။ဝါကျ၏ကာလ ($V_2$၏ကာလ) သည်အတိတ်ကိုဖော်ပြသည်ဖြစ်စေ၊အတိတ်မဟုတ်ကြောင်းကိုဖော်ပြသည်ဖြစ်စေ $V_1$သည်အစဉ်အမြဲအဘိဓာန်ပုံစံဖြစ်ကြောင်းကိုသတိပြုရမည်။

⑦ 日本(にほん)へ 来(く)る まえに、日本語(にほんご)を 勉強(べんきょう)しました。
ဂျပန်ကို မလာခင် ဂျပန်စာကို လေ့လာခဲ့ပါတယ်။

⑧ 寝(ね)る まえに、本(ほん)を 読(よ)みます。 မအိပ်ခင် စာအုပ်ဖတ်ပါတယ်။

၂) နာမ်အဖြစ်အသုံးပြုခြင်း

နာမ်၏နောက်၌ の ကိုတွဲသည်။ ပြုမူလုပ်ဆောင်နိုင်စွမ်းရှိသောနာမ်အမျိုးအစားကိုအသုံးပြုသည်။

⑨ 食事(しょくじ)の まえに、手(て)を 洗(あら)います。 အစားမစားခင် လက်ကို ဆေးပါတယ်။

၃) ပမာဏပြစကားလုံး(ကာလ)အဖြစ်အသုံးပြုခြင်း

ပမာဏပြစကားလုံး(ကာလ)၏နောက်၌ の မတွဲကြောင်းကိုသတိပြုရမည်။

⑩ 田中(たなか)さんは 1時間(じかん)まえに、出(で)かけました。 မစ္စတာတနက လွန်ခဲ့တဲ့တစ်နာရီတုန်းက အပြင်ထွက်သွားပါတယ်။

### ၅. なかなか

なかなか သည်နောက်တွင်အငြင်းအသုံးအနှုန်းလိုက်၍လွယ်သည့်အရာမဟုတ်ကြောင်း၊ ထင်ထားသည့်အတိုင်းဖြစ်မလာကြောင်း စသည့် အဓိပ္ပာယ်တို့ကိုဖော်ပြသည်။

⑪ 日本(にほん)では なかなか 馬(うま)を 見(み)る ことが できません。
ဂျပန်မှာ တော်ရုံတန်ရုံ မြင်းကို မတွေ့ရပါဘူး။

[မှတ်ချက်]ဝါကျ ⑪(ပင်မဖတ်စာအုပ်၏စာမျက်နှာ-၁၄၇၊ သင်ခန်းစာ-၁၈မှစကားပြောကဏ္ဍကိုမှီငြမ်းရန်)သည် にほんで ကိုအဓိကအကြောင်းအရာအဖြစ်အသုံးပြုထားသောဝါကျဖြစ်သည်။ဤကဲ့သို့သော で ပါရှိသောနာမ်ကိုအဓိကအကြောင်းအရာအဖြစ်အသုံးပြုသောအခါ၊ N では ဟူ၍ဖြစ်သည်။(が နှင့် を မှအပအခြားဝိဘတ်များတွဲပါသည့်စကားလုံးများတည်ဆောက်ခြင်းအကြောင်းကိုကော်လံ-၁တွင်လေ့လာရန်)

### ၆. ぜひ

ပြောသူ၏ဆန္ဒကိုဖော်ပြသောအသုံးအနှုန်းနှင့်အတူတွဲ၍အသုံးပြုပြီး၊ အဓိပ္ပာယ်ကိုလေးနက်စေသည်။

⑫ ぜひ 北海道(ほっかいどう)へ 行(い)きたいです。 ဟော်ကိုင်းဒိုးကို ဆက်ဆက် သွားချင်ပါတယ်။

⑬ ぜひ 遊(あそ)びに 来(き)て ください。 ဆက်ဆက် အလည် လာပါ။